“ပေါက်ဖော်ချစ်ကြည်ရေး”

တရုတ်–မူဆယ်နယ်စပ်တွင် ဤ“စီမံကိန်း”ကြောင့် ပြည်သူလူထုများ “အလင်းရောင်”ရှိ

ရွှေလီ-မူဆယ် ကျန်းမာရေးနှီးနှော ဖလှယ်ရန်၊ နှစ်ဦးနှစ်ဖက်ချစ်ကြည်ရေး မြှင့်တင်ရန် တရုတ်နိုင်ငံရွှေလီမြို့နှင့် မြန်မာနိုင်ငံမူဆယ်မြို့၏ စီမံခန့်ခွဲရေး ဌာန၊ ပြည်သူ့ချစ်ကြည်ရေးအဖွဲ့အစည်း များညှိနှိုင်းတိုင်ပင်ကာ ပူးပေါင်းဆောင် ရွက်မှုများပြုလုပ်ခဲ့ကြသည်။ တရုတ်နိုင်ငံ ရွှေလီမြို့ပြည်သူ့အစိုးရသည် မြန်မာနိုင်ငံ မူဆယ်မြို့တွင် “(၂၀၁၈)ခုနှစ် ရွှေလီ-မူ ဆယ်အပြည်ပြည်ဆိုင်ရာ ချစ်ကြည်ရေး မျက်စိပြန်လည်ကောင်းမွန်ခြင်းစီမံကိန်း” ကိုလက်တွေ့ဆောင်ရွက်ခဲ့သည်။ (၂၀၁၈) ခုနှစ်ဖေဖော်ဝါရီလမှ ဒီဇင်ဘာလတွင် မြန်မာနိုင်ငံမူဆယ်ဒေသမှ အတွင်းတိမ် လူနာရှင်(၁၈၀)အား မျက်စိပြန်လည် မြင်တွေ့အောင် အခမဲ့ခွဲစိတ်ကုသပေးခဲ့ ပါသည်။

မြန်မာ-တရုတ်နှစ်နိုင်ငံသည် စီး ပွားရေး၊ ပြည်သူလူထုကျန်းမာရေးတွင် ရေရှည်ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့ပါ သည်။ “(၂၀၁၈)ခုနှစ် ရွှေလီ-မူဆယ် အပြည်ပြည်ဆိုင်ရာချစ်ကြည်ရေးမျက်စိ ပြန်လည်ကောင်းမွန်ခြင်းစီမံကိန်း” စတင် ဆောင်ရွက်ခြင်းသည် မြန်မာ-တရုတ် နှစ်နိုင်ငံ၏ “ပေါက်ဖော်” ချစ်ကြည်ရေး ကို ပိုမိုလေးနက်စေပါသည်။ အဆိုပါစီမံ ကိန်းကိုမြန်မာနိုင်ငံဘက်မှ ရေရှည်ဆက် လက်ဆောင်ရွက်ရန် မျှော်လင့်သည်။ မြန်မာပြည်သူလူထုများထံ ကျန်းမာ သောနေထိုင်မှုဘဝကို ပေးအပ်လိုသည် ဟု မူဆယ်မြို့မြို့တော်ဝန် ဦးတူးလွင်က ပြောကြားသွားပါသည်။

ဆေးကုသရန် ရောက်လာသော လူနာတစ်ဦးက သူမသည်မျက်စိရောဂါရ ခဲ့သည်မှာ (၁၅)နှစ်ရှိပြီဖြစ်ကြောင်း၊ ယခင်တွင်လည်း ထိုင်းနိုင်ငံသို့သွား ရောက်ဆေးကုသခဲ့သော်လည်း ထိရောက် မှုမရှိကြောင်း၊ ယခုအကြိမ်တရုတ်နိုင်ငံ မှ ဆောင်ရွက်ပေးသော စီမံကိန်းရှိကြောင်း သိခဲ့ချိန်တွင် ချက်ချင်းနာမည်စာရင်း ပေးသွင်းခဲ့ပြီး သူမ၏ရောဂါကို ပျောက် အောင်ကုသပေးစေလိုပါကြောင်း၊ ယခု

ကဲ့သို့ အခွင့်အရေးများကို ပေးအပ်ခဲ့ သောတရုတ်အစိုးရအား အထူးကျေးဇူး တင်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

ယခုအကြိမ်စီမံကိန်းသည် (၂၀၁၈) ခုနှစ်၊ ဖေဖော်ဝါရီလမှ ဒီဇင်ဘာလထိ မြန်မာနိုင်ငံ မူဆယ်ဒေသအတွင်းတိမ် လူနာရှင်အား မျက်စိပြန်လည်မြင်တွေ့ အောင် အခမဲ့ခွဲစိတ်ကုသပေးပါသည်။ ပထမအချိန်ကာလပိုင်းတွင် ဖေဖော်ဝါရီလ (၈)ရက် နေ့မှ(၉)ရက်နေ့ထိ လူနာရွေး ခြင်းကို ပြုလုပ်မည်။ ဒုတိယအချိန်ကာ လပိုင်းတွင် မတ်လ(၈)ရက်နေ့မှစက်တင် ဘာလ၁၀)ရက် နေ့ထိခွဲစိတ်ကုသခြင်းပြု လုပ်မည်။ တတိယအချိန်ကာလပိုင်းတွင် ဆေးရုံဆင်းပြီးနောက် (၁၀)ရက်ခန့် တွင် လူနာရှင်ဆေးရုံသို့ ပြန်လည်လာ ရောက်စစ်ဆေးခြင်း(သို့) ဖုန်းဖြင့်ပြန် လည် မေးမြန်းစစ်ဆေးခြင်းပြုလုပ်မည်။

နိုင်ငံခြားသားများ တရုတ်နှစ်သစ်ကူး ချီးမွမ်းကြခြင်း

ယခုနှစ်ပိုင်းတွင် တရုတ်နှစ်သစ် ကူးသည် နိုင်ငံတကာ၏ အာရုံစူးစိုက် ခြင်းကိုခံရသည်။ ပိုမိုများပြားသောနိုင်ငံ ခြားသားများ တရုတ်နှစ်သစ်ကူးအတူပါ ဝင်ဆင်နွှဲလာကြသည်။ တရုတ်နှစ်သစ် ကူးလည်း အပြည်အပြည်ဆိုင်ရာအဆင့် ဖြစ်လာနေပါတော့သည်။

တရုတ်နှစ်သစ်ကူးသည် တစ်ကမ္ဘာ လုံးထံ တရုတ်ရိုးရာယဉ်ကျေးမှုပြသ သော ပလက်ဖောင်းဖြစ်လာသည်။

ယခုနှစ်တရုတ်နှစ်သစ်ကူး ကာလ တွင် အမေရိကန်NASDAQ စတော့အိတ် ချိန်းတွင် တရုတ်ပြက္ခဒိန်ခွေးနှစ်ခေါင်း စဉ်ဖြင့် အလှဆင်ထားသည်။ ဈေးဖွင့် ခေါင်းလောင်းတီးပြီးနောက် NASDAQ Time Square အီလက်ထရောနစ် စခရင် ပေါ်တွင် “တရုတ်နှစ်သစ်ကူးပျော်ရွှင်ပါ စေ”ဟူသော စာတမ်းပေါ်လာပြီး တရုတ် နှစ်ကူးအတွက် ဆုမွန်ကောင်းတောင်း ပေးခြင်းဖြစ်သည်။

CNN တွင် တရုတ်နှစ်သစ်ကူးဖျော် ဖြေရေးပွဲတော်အစီအစဉ်ကို အမေရိ ကန်ပရော်ဖက်ရှင်နယ်ဘောလုံးလိဂ်ချန် ပီယံပြိုင်ပွဲနှင့် နှိုင်းယှဉ်ခြင်းများ ပြုလုပ်ခဲ့ ဖူးသည်။ ကြာချိန်ခင်းတူသော(၄)နာရီ ကြာ တိုက်ရိုက်ထုတ်လွှင့်တင်ဆက်သော အစီအစဉ်ဖြစ်သော်လည်း အမေရိကန် တွင် အမည်ကျော်ကြားပြီး လူကြည့်အများ ဆုံးအမေရိကန်ပရော်ဖက်ရှင်နယ် ဘော လုံးလိဂ်ချန်ပီယံပြိုင်ပွဲ၏ ကြည့်ရှုနှုန်းမှာ တရုတ်နှစ်သစ်ကူးဖျော်ဖြေရေးပွဲတော် အစီအစဉ်ထက်အလွန်နိမ့်သည်ဟု CNN က ထင်မှတ်ယူဆသည်။ အော်စကာ၊ Emmy Award၊ American Id သူပြိုင်ပွဲ MTV သီချင်းပွဲတော်များပေါင်းလျှင်လည်း တရုတ် နှစ်သစ်ကူးဖျော်ဖြေရေးပွဲတော်အစီအစဉ်

ကို မကျော်လွန်နိုင်ပေ။

ယခုအချိန်တွင် တရုတ်နှစ်သစ်ကူး ဖျော်ဖြေရေးပွဲတော်အစီအစဉ်ကို ကြည့် ရှုကြသည်မှာ တရုတ်လူမျိုးတည်းသာ မဟုတ်တော့ပေ။ ဂျပန်လူမျိုးအများစု လည်း တရုတ်နှစ်ကုန်နေ့တွင် ဂျပန် ဗွီဒီယိုဝက်ဘ်ဆိုက်niconicoတွင် တရုတ် နှစ်သစ်ကူးဖျော်ဖြေရေးပွဲတော်အစီအစဉ် ကြည့်ရှုကြသည်။ ယခုနှစ်မှာ အဆိုပါ ဝက်ဘ်ဆိုက်တွင် တတိယနှစ်မြောက် တရုတ်နှစ်သစ်ကူး ဖျော်ဖြေရေးပွဲတော် အစီအစဉ်ကို တိုက်ရိုက်တင်ဆက်ထုတ် လွှင့်ခြင်းဖြစ်ပြီး ဘာသာပြန်ကော်လံကို လည်းစီစဉ်ပေးထားသည်။ တွက်ချက် ခြင်းအရ တရုတ်နှစ်ကုန်နောက်ဆုံးည တွင် သောင်းပေါင်းများစွာသောဂျပန် လူမျိုးများ တရုတ်နှစ်သစ်ကူးဖျော်ဖြေ ရေးပွဲတော်အစီအစဉ်ကို ကြည့်ရှုနေခဲ့ ကြပြီးcommentပေါင်း (၄)သောင်းကျော် ရှိသည်ကို တွေ့မြင်နိုင်သည်။

အင်္ဂလန်နိုင်ငံ ဒေသအသီးသီးမှ တရုတ်နှစ်ကူးဆင်နွှဲပုံမှာလည်း အလွန် များပြားလှပေသည်။ လန်ဒန်မှ Edinburgh၊ မန်ချက်စတာမှ Wight Island၊ အင်္ဂလန် နိုင်ငံတွင် တရုတ်နှစ်ကူးနေသောခံစား ချက်များကိုခံစားနိုင်မည်ဖြစ်သည်။“တရုတ် နှစ်ကူးသည် ကမ္ဘာပေါ်တွင် အစီအစဉ် အလွန်ပေါများကြွယ်ဝသော၊ ဖော်ရွေပျူ ငှာဆုံးသော ပွဲတော်တစ်ခုဖြစ်သည်။ ကမ္ဘာ တစ်ဝန်းတွင်လည်း ပွဲတော်ဆင် နွှဲခြင်းများပြုလုပ်ခြင်းများ ရေပန်းစား နေပါသည်။”ဟု အင်္ဂလန်နိုင်ငံ《နေမင်း သတင်းစာ》 တွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံတွင် ရေပန်းစားနေ သော အီလက်ထရောနစ် Red Packet (အန်ပေါင်း)သည် ပြည်ပမှသတင်းမီဒီယာ များကို တုန်လှုပ်ခြင်းများဖြစ်စေခဲ့သည်။ အဆိုပါ Red Packet (အန်ပေါင်း) များ သည် “လက်ဆောင်ပေးခြင်းယဉ်ကျေးမှု ကို အသစ်သတ်မှတ်လိုက်ခြင်း” ဖြစ် သည်ဟု အင်္ဂလန်နိုင်ငံ《Daily mail သတင်းစာ》 တွင် ဖော်ပြထားသည်။ Red Packet (အန်ပေါင်း)များ မည်မျှပင် ရေပန်းစားနေသည်မှာ Tencentမှတစ်ဆင့် အိန္ဒိယနိုင်ငံစျေးကွက်သို့ ဝင်ရောက် သွားသည်။ Tencentအရင်းနှီးမြှုပ်နှံထား သော “ အိန္ဒိယဗားရှင်း Wechat” Hike Messenger သည် အိန္ဒိယနိုင်ငံမှ တရုတ် Wechat Red Packet(အန်ပေါင်း)နှင့် ဂုဏ် အရည်အသွေးတူသော “Blue Packet” အနေဖြင့်ထုတ်ဖော်ခဲ့ပြီး အိန္ဒိယနိုင်ငံ သားများ ရိုးရာပွဲတော်ဆင်နွှဲချိန်တွင် ဆန်းသစ်သော အတွေ့အကြုံများခံစား ခွင့်ပေးနိုင်ခဲ့သည်။

ယခုအချိန်တွင် တရုတ်နှစ်ကူး သည် တရုတ်နိုင်ငံ၏ သင်္ကေတတစ်ခုဖြစ် သည်။ တရုတ်နိုင်ငံသားတွင်ဖြစ်စေ၊ နိုင်ငံ ခြားသားတွင်ဖြစ်စေ၊ တရုတ်နိုင်ငံတွင် ရှိသည်ဖြစ်စေ၊ ကမ္ဘာပေါ်မှ နေရာတစ် ရပ်ရပ်တွင်ဖြစ်စေ တရုတ်နှစ်သစ်ကူး ချိန်တွင် တရုတ်နိုင်ငံနှစ်သစ်ကူးသော ပုံစံကို ခံစားနိုင်မည်ဖြစ်သည်။

《ပြည်သူ့နေ့စဉ်သတင်းစာ ပြည်ပ စာကောလံ》 သတင်းထောက်လျီဖားဝေ